# ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင်
# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားမည့် မိန့်ခွန်း
# ( ၁၆-၃-၂၀၁၉ ရက်နေ့ )

ယနေ့ပြပွဲအခမ်းအနားသို့ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများအားလုံး "မင်္ဂလာပါ" လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမဆုံးအကြိမ် ကျင်းပတဲ့ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနဲ့ အခုလို တွေ့ဆုံပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ပွဲကို စီစဉ်ကျင်းပတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနဲ့ ဝိုင်းဝန်းပံ့ပိုးပေးကြသူများအားလုံးကို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီရင်းနှီးမြှုပ်နှံမှုနဲ့ ဒေသထွက်ကုန်ပြပွဲကတော့ ချင်းပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ရင်းနှီးမြှုပ်နှံသူတွေ သိရှိစေဖို့နဲ့ ချင်းပြည်နယ်မှာရှိတဲ့ စီးပွားရေး လုပ်ငန်းတွေရဲ့ ဒေသထွက်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို ပြသနိုင်ဖို့ ကျင်းပတာဖြစ်ပါတယ်။

**ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား**

အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ တွက်ချက်မှုအရ ၂၀၁၈ ခုနှစ်မှာ တစ်ဦးကျ ဝင်ငွေတိုးတက်မှုနှုန်း (၅.၉)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၉ မှာတော့ (၆.၃)ရာခိုင်နှုန်း ရရှိဖို့ မျှော်မှန်းထားပါတယ်။

ယခုလို တိုးတက်မှုတွေ ရရှိလာတာကတော့ မျှတပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ဖန်တီးပေးတဲ့ ပြုပြင်ပြောင်းလဲမှုတွေကနေတစ်ဆင့် ကျွန်တော်တို့ရဲ့ စီးပွားရေးကို ပိုမိုပွင့်လင်းလာအောင် လုပ်ဆောင်နိုင်မှုကြောင့် ဖြစ်ပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲမှုတွေမှာ ကုမ္ပဏီများဥပဒေအသစ် ပြဋ္ဌာန်းခြင်း၊ ဥပဒေနဲ့ စည်းမျဉ်းမူဘောင်များကို ခေတ်မီလာအောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေခြင်းကို မြှင့်တင်ခြင်း၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်အားလုံးကို အထောက်အကူပြုနိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်းနဲ့ ဘဏ်လုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပြောင်းအလဲတွေ ပါဝင်ပါတယ်။

ပုဂ္ဂလိကကဏ္ဍအတွက် လုပ်ကိုင်ခွင့်ပေးထားတဲ့ ပတ်ဝန်းကျင်ကို မြှင့်တင်ပေးခြင်းကလည်း မြန်မာအစိုးရရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်တွေရဲ့ အဓိကမဏ္ဍိုင်ပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာက ကာလလတ်နဲ့ ကာလရှည်တွေမှာ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေဖို့ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့ အဓိကရည်ရွယ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ခုအနေနဲ့ “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP)” ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်ကတော့ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိဖို့အတွက် အကောင်အထည်ဖော်နိုင်တဲ့ နည်းလမ်းတွေကို ထုတ်ဖော်ရာမှာ တိုင်းပြည်ရဲ့ မူဝါဒရည်မှန်းချက်နဲ့ အဖွဲ့အစည်းတွေရဲ့အကြားမှာ အပြန်အလှန် ညီညွတ်မှု ရှိစေဖို့ အတွက်ပဲ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲမှုအတွက် သင့်လျော်တဲ့ လမ်းပြမြေပုံတစ်ခုအနေနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အပြင် ကျွန်တော်တို့ နိုင်ငံအတွက် များစွာလိုအပ်နေသေးတဲ့ စည်းလုံးညီညွတ်မှုကိုလည်း ရရှိစေဖို့အတွက်လည်း ကတိကဝတ်ပြုထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာကျတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရဲ့ အရေးပါမှုကို အသိအမှတ်ပြုထားပြီး အချို့သော ကဏ္ဍတွေနဲ့ လုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အသုံးပြုဖို့ တိုက်တွန်းထားပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အတားအဆီးဖြစ်စေတဲ့ ကန့်သတ်မူဝါဒတွေကို ပယ်ဖျက်သွားနိုင်ဖို့အတွက် လုပ်ငန်းစဉ်တွေကိုလည်း ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်ဖို့အတွက်နဲ့ စီးပွားရေးဝန်းကျင်ကို တိုးတက်စေဖို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကိုလည်း ၂၀၁၈ ခုနှစ်မှာ မိတ်ဆက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ၂၀၂၀ ခုနှစ်၌ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအဆင့်သတ်မှတ်ချက်အရ မြန်မာနိုင်ငံကို အဆင့် ၁၀၀ အတွင်း ရောက်ရှိစေဖို့နဲ့ ၂၀၃၀ ခုနှစ်မှာ တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ရရှိစေဖို့ ရည်မှန်းထားပါတယ်။

## ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Private Sector Development-PSD) ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့အတွက်ကြောင့် ကျွန်တော်တို့ အစိုးရအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နဲ့ လုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်မှာ ချမှတ်ခဲ့ပြီး ကျွန်တော်ကိုယ်တိုင် ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို ရေးဆွဲခဲ့ရာမှာ ပူးပေါင်းပါဝင်သူတွေရဲ့ အမြင်နဲ့ လက်တွေ့ကြားက ကွာဟချက်ကို ဖြည့်ဆည်းပေးရန်၊ စီးပွားရေးလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို သိရှိနားလည်စေရန်နဲ့ လမ်းပြမြေပုံအနေနဲ့ ဆောင်ရွက်နိုင်စေရန်အတွက် ရေးဆွဲထားတာဖြစ်ပါတယ်။

လက်ရှိမှာတော့ အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်အတွက် အခြေခံအုတ်မြစ်တစ်ခုအနေနဲ့ အသုံးပြုနိုင်ဖို့နဲ့ အစိုးရဌာနအဖွဲ့အစည်းတွေအားလုံး အသုံးပြုနိုင်စေဖို့နဲ့ သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်တွေရဲ့ ဆောင်ရွက်နိုင်မှုတွေနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်စေဖို့အတွက် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (PSD Framework) ကို အဆင့်မြှင့်တင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဥပဒေနဲ့ စည်းမျဉ်းဝန်းကျင်၊ ဘဏ္ဍာငွေ ရယူနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို မြှင့်တင်ဖို့၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုတွေ ပံ့ပိုးကူညီပေးတဲ့နေရာမှာ နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို ပြန်လည်တည်ဆောက်ရန်နဲ့ လူ့စွမ်းအားအရင်းအမြစ် အခြေခံတည်ဆောက်ဖို့ စတဲ့ အကြောင်းအရာ မဏ္ဍိုင် (၅)ခုကနေတဆင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလို ကျယ်ပြန့်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးရဲ့ စီးပွားရေးဝန်းကျင်တွေကို မြှင့်တင်ပေးဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ မညီမျှမှုတွေရဲ့ အဓိကစိန်ခေါ်မှုတွေကို ဖြေရှင်းဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးဖို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေရဲ့ အင်အားကို အသုံးပြုသွားမှာဖြစ်ပါတယ်။

အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ "အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး" ကို ရရှိစေဖို့အတွက် စီမံကိန်းဘဏ် (Project Bank)ကနေတစ်ဆင့် စီမံကိန်းဆောင်ရွက်မှုတွေကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ ချင်းပြည်နယ် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေ အခြေခံအဆောက်အအုံဦးစားပေးစီမံကိန်းတွေကို ထုတ်ပြန်ကြေညာဖို့အတွက် စီမံကိန်းဘဏ်ကို

စတင်ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ဒီစီမံကိန်းဘဏ်ကတော့ အစိုးရဘတ်ဂျက်ခွဲဝေဆောင်ရွက်မှုကို ညှိနှိုင်းဆောင်ရွက်ဖို့နဲ့ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးမှုအထောက်အပံ့တွေ လွယ်ကူချောမွေ့စေဖို့ ရည်ရွယ်ပါတယ်။ ဒါ့အပြင် စီမံကိန်းဘဏ်ဟာ MSDP ရဲ့ ပန်းတိုင်နဲ့ မဟာဗျူဟာတွေနဲ့လည်း ချိန်ညှိဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

## ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား

ယခုအချိန်မှာ တိုင်းပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေဖို့ တံခါးဖွင့်လှစ်ထားပြီးဖြစ်တဲ့အပြင် လက်ရှိဆောင်ရွက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေက အခွင့်အလမ်းတွေကို ဖိတ်ခေါ်လျက်ရှိပါတယ်။ အခြေခံအဆောက်အအုံ မလုံလောက်တဲ့ စိန်ခေါ်မှုတွေကတော့ ရှိနေဆဲဖြစ်ပေမယ့် ဒီစိန်ခေါ်မှုတွေကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်နဲ့ အိန္ဒိယနိုင်ငံအကြားမှာ ပေါင်းကူးနယ်မြေဒေသအနေနဲ့ တည်ရှိနေတဲ့အပြင် အခြားသောအာဆီယံနိုင်ငံတွေနဲ့ပါ ဆက်သွယ်နိုင်တဲ့ ထူးခြားတဲ့ ပထဝီတည်နေရာအနေအထားကို ပိုင်ဆိုင်ထားတဲ့အတွက် စီးပွားရေးအခွင့်အလမ်း အများအပြားရှိနေတဲ့ နိုင်ငံတစ်ခုပဲဖြစ်ပါတယ်။ ဒီလို အားကျဖွယ်ရာကောင်းလှတဲ့ နိုင်ငံရဲ့ တည်နေရာအနေအထားနဲ့ ချင်းပြည်နယ်က အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်မှုတွေဟာ သိသာထင်ရှားလှတဲ့ ဈေးကွက်အလားအလာတွေကို ဖော်ဆောင်ပေးနေတာပဲဖြစ်ပါတယ်။

မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံကလည်း တိုက်ရိုက်ကုန်သွယ်မှုတွေနဲ့ တစ်ဆင့်ခံကုန်သွယ်မှုတွေ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် စီးပွားရေးစင်္ကြံတစ်လျှောက်မှာရှိတဲ့ စက်မှုဇုန်တွေနဲ့ အထူးစီးပွားရေးဇုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

## ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား

ယခု ကျွန်တော့အနေနဲ့ ချင်းပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်းကို ဆက်လက်ပြောကြားလိုပါတယ်။ ချင်းပြည်နယ်ဟာ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းဖွင့်ထားတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်ကလည်း ရိုးရာယက်ကန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ ရေအားလျှပ်စစ်နဲ့ အခြေခံအဆောက်အအုံ စတဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေကနေ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေအထိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းအမျိုးမျိုးရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ အရှေ့ဘက်မှာ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်မှာ ရခိုင်ပြည်နယ်၊ အနောက်တောင်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အနောက်ဘက်နဲ့ မြောက်ဘက်မှာ အိန္ဒိယနိုင်ငံနဲ့ နယ်နမိတ်ထိစပ်လျက်ရှိပါတယ်။ ချင်းပြည်နယ်ရဲ့ ပထဝီတည်နေရာအနေအထားအရ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုဟာ အနာဂတ်မှာ ပိုမိုများပြားလာစေဖို့အတွက် ခိုင်မာတဲ့ အလားအလာကောင်းတွေ ရှိနေပါတယ်။ ဆောင်ရွက်နေဆဲဖြစ်တဲ့ ပို့ဆောင်ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတွေကလည်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအမြောက်အများကို ဖိတ်ခေါ်နေတာဖြစ်ပါတယ်။

**ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဒီကနေ့ပွဲဟာ အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် ချင်းပြည်နယ်မှာ ရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို သိရှိနားလည်စေဖို့နဲ့ အမိအရ ဆုပ်ကိုင်နိုင်ဖို့အတွက် ဆောင်ရွက်ပေးနိုင်လိမ့်လို့ ယုံကြည်ပါတယ်။ ဒ့ါအပြင် ဧည့်သည်တော်များအနေနဲ့ ချင်းပြည်နယ်ကို ခရီးမထွက်ရသေးဘူးဆိုရင်တော့ ချင်းပြည်နယ်ရဲ့ အလှအပများကို တွေ့မြင်နိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်ဖို့အတွက် ဖြစ်နိုင်သမျှ မြန်မြန်သွားကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီကနေ့အခမ်းအနားကို တက်ရောက်ပေးကြတဲ့ ဧည့်သည်တော်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒ့ါအပြင် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ အောင်မြင်ဖြစ်မြောက်စေဖို့အတွက် ပူးပေါင်းပါဝင်ခဲ့ကြတဲ့ DFID ၊ DaNa Facility ၊ VDB Loi Co., Ltd. ၊ ချင်းပြည်နယ် ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ KBZ ဘဏ်တို့ကိုလည်း ကျေးဇူးဥပကာရတင်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။